**မြန်မာ - အမျိုးသားညီညွတ်ရေးအစိုးရကို အသိအမှတ်ပြုရမည်**

**အပြည်ပြည်ဆုိင်ရာ အလုပ်သမား သမဂ္ဂအဖွဲ့ချုပ် (ITUC)သည် မြန်မာနုိင်ငံတွင် အမျိုးသားညီညွတ်ရေးအစိုးရတရပ် ဖွဲ့စည်းခြင်းကို ကြိုဆိုပြီး မြန်မာနုိင်ငံ၏ တရားဝင်အစိုးရ အဖြစ် ကုလသမဂ္ဂ၊ အစိုးရများနှင့် အစိုးရများအကြား အဖွဲ့အစည်းများမှ ထုံးနည်းစံကျ အသိအမှတ်ပြုရန် တောင်းဆိုလုိက်သည်။**

**၂၀၂၁ခုနှစ်၊ ဧပြီလ(၁၉)ရက်**

(အမျိုးသားညီညွတ်ရေး)အစိုးရကို ၂၀၂၀ခုနှစ်၊ နိုဝင်ဘာလ ရွေးကောက်ပွဲတွင် ရွေးကောက်တင်မြှောက်ထားသော လွှတ်တော် ကုိယ်စားလှယ်များ၊ တိုင်းရင်းသား မျုိးနွယ်စုများ၏ ကုိယ်စားလှယ်များ၊ ပညာရှင်များနှင့် အထူး ကျွမ်းကျင်မှုရှိသော အခြားပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းထားသည်။

အပြည်ပြည်ဆုိင်ရာ အလုပ်သမား သမဂ္ဂအဖွဲ့ချုပ် (ITUC)၏ အထွေထွေအတွင်းရေးမှူး Ms. Sharan Burrow ရှာရန် ဘာရိုး မှ “အမျိုးသားညီညွတ်ရေး အစိုးရသည် နိုဝင်ဘာလ ရွေးေကာက်ပွဲမှာ ဖော်ပြခဲ့သည့် ပြည်သူ့ဆန္ဒကို ထင်ဟပ်သော မြန်မာနုိင်ငံ၏ တရားဝင်အစိုးရ ဖြစ်သည်။ အပြည်ပြည်ဆုိင်ရာ အလုပ်သမားသမဂ္ဂ လှုပ်ရှားမှုသည် အစိုးရ၏ တရားဝင်မှုကို အသိအမှတ်ပြုသည်။ ထို့ကြောင့် နိုင်ငံတကာ အသိုက်အဝိုင်းတစ်ခုလုံးလည်း အသိအမှတ်ပြုသင့်သည်” ဟုပြောကြားခဲ့သည်။

“မြန်မာပြည်သူလူထုအပေါ် လူသတ်စစ်ဆင်ေရးကို ဆက်လုပ်သော စစ်အာဏာသိမ်း အုပ်စုကို လုံးဝ ထီးတည်းထားသင့်သည်။ အစိုးရများသည် ၎င်းစစ်အုပ်စုနှင့် လုံးဝ မဆက်ဆံသင့်သကဲ့သို့ စီးပွားရေး လုပ်ငန်းများ အားလုံးသည် စစ်တပ်နှင့် စီးပွားရေး ချိတ်ဆက်မှုများအားလုံးကို ဖြတ်တောက်ရမည်။”

“ထိုသုိ့ လုပ်ဆောင်ရန် ပျက်ကွက်ခြင်းသည် အကြမ်းဖက်ေသာ ဖိနှိပ်မှုမှ ဒီမုိကရေစီနှင့် လွတ်လပ်ခွင့်ကုိ တမ်းတနေသော ပြည်သူများအား အစုလုိက်အပြုံလိုက် သတ်ဖြတ်ခြင်းတွင် ကြံရာပါအဖြစ် တုိက်ရိုက်ပါဝင်ခြင်းဟု အဓိပ္ပါယ်ရသည်”

အစိုးရအဖွဲ့တွင် သမ္မတအဖြစ် ဦးဝင်းမြင့်၊ နိုင်ငံတော်၏ အကြံပေးပုဂ္ဂိုလ်အဖြစ် ဒေါ်အောင်ဆန်းစုကြည်နှင့် ဝန်ကြီးချုပ်အဖြစ် မန်းဝင်းခိုင်သန်းတို့ ပါဝင်သည်။